# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 10, 2024 Volume 79, Number 6

၁၀.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၂၉၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၃.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၆၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၇၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၉၈၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## အပန်းဖြေ Resort များကြောင့် ဝါးအသုံးအဆောင်၊ ပရိဘောဂများ အဝယ်လိုက်



ရန်ကုန်မြို့တွင်း Camp ခရီးစဉ်ပြုလုပ်ရာနေရာများနှင့် အပန်းဖြေ Resort များက ဝါးလက်မှုထည်များအပါအဝင် ဝါးဖြင့်ပြုလုပ်ထားသော လူ့အသုံးအဆောင်နှင့် ပရိဘောဂ၊ ဝါးတဲအဆောက်အအုံ စသည်တို့ကို အော်ဒါမှာယူမှုရှိနေကြောင်း သိရသည်။

ဝါးပရိဘောဂနှင့် အဆောက်အအုံများကို ပွင့်လင်းရာသီတွင် အော်ဒါမှာယူမှု မြင့်တက်လေ့ရှိသော်လည်း ယခုနှစ်မိုးကာလတွင် အပန်းဖြေ Resort များမှ အော်ဒါမှာယူမှုကြောင့် ပုံမှန်ရောင်းအားရှိနေပြီး ပရိဘောဂပစ္စည်းတစ်ခုလျှင် ငွေကျပ် (၃)သိန်းမှ သိန်း (၃၀) အထိ ကျသင့်ကြောင်း သိရသည်။

အလားတူ ဝါးလက်မှုထည်တစ်ခုကို ကျပ် (၇၀၀) မှ ကျပ် (၃၀,၀၀၀) ဝန်းကျင်အထိ ဈေးနှုန်းသတ်မှတ်ရောင်းချခြင်းများရှိကာ ဝါးဖြင့်ပြုလုပ်ထားသော လက်မှုထည်များကို အဓိကအားဖြင့် နေပြည်တော်၊ ပုဂံနှင့်ရှမ်းပြည်နယ်များက အများဆုံးမှာယူကြပြီး အခြားသော နယ်ဒေသများကလည်း မှာယူကြကြောင်းသိရသည်။

ဝါးလက်မှုထည်များတွင် စုဘူး၊ မီးအိမ်၊ နာရီ၊ ရေနွေးကရား စသည်တို့ပါဝင်ပြီး ဝါးဖြင့်ပြုလုပ်ထားသော နားနေဆောင်များ၊ ဝါးပရိဘောဂများအပါအဝင် စားသောက်ဆိုင်အပန်းဖြေစခန်းများအတွက် ဝါးဆက်တီစသည်တို့ကိုလည်း အဓိက မှာယူလျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=161692

## မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှဝင်ရောက်လာသည့်ပြောင်းဖူးများ အရောင်းအဝယ်ကောင်းနေ

မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ထွက်ရှိပြီး ဝင်ရောက်လာသည့်ပြောင်းဖူးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံ ပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍သိရသည်။

အဆိုပါပြောင်းဖူးများသည် ပြင်ဦးလွင်နှင့်နောင်ချိုတို့မှထွက်ရှိပြီး မန္တလေးသီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကားခုနှစ်စီးမှရှစ်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိတွင် ပြောင်းဖူးဈေးနှုန်းများမှာ ပိဿာချိန် ၃၀ ဆို အဖူးရေ ၁၀၀ ပါတစ်အိတ်လျှင် အမျိုးအစားအလိုက် ငွေကျပ် ၄၅,၀၀၀ မှ ၅၀,၀၀၀ ထိ ရရှိကြောင်းသိရသည်။

"လက်ရှိအချိန်မှာ ဈေးကိုဝင်ရောက်လာတဲ့ပြောင်းဖူးတွေ အရောင်းအဝယ်တွေကောင်းနေပါတယ်။ ပြောင်းဖူးက ပြင်ဦးလွင်နဲ့နောင်ချိုက ဝင်ရောက်နေပါတယ်။ ပြောင်းဖူးက အခြားနယ်တွေက မဝင်ရောက်တော့တာကြောင့် အဝယ်သွက်လာ ပါတယ်။ ပြောင်းဖူးကို အိတ်ပြတ်ဝယ်ယူတာများပါတယ်၊ ဝင်ရောက်လာတဲ့ ပြောင်းဖူးတွေကတော့ ၇၀၂ ၊ ၁၃၅ ၊ ၉၉ မျိုးတွေပါ။ လားရှိုးနဲ့ရန်ကုန်တို့ကိုလဲ တင်ပို့ရပါတယ်။ အခြားကုန်စိမ်းသီးနှံတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်" ဟု အောင်ကုန်စိမ်း ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်ကပြောပြ၍သိရသည်။

Source: **ရတနာပုံသတင်းစာ**

## တစ်ပတ်တာ ဈေးကွက်သုံးသပ်ချက် (၃.၆.၂၀၂၄ မှ ၇.၆.၂၀၂၄)

**မတ်ပဲ**




ပြီးခဲ့တဲ့ တစ်လလုံး ဆက်တိုက်ဈေးမြင့်တက်လာခဲ့တဲ့ မတ်ပဲက မေလပထမပတ်မှာ ဈေးစတင်ကျဆင်းသွားပါတယ်။ ငွေကြေးလဲလှယ်နှုန်းကြောင့် ဈေးမြင့်တက်ခဲ့ပြီးနောက် အစိုးရက ဒေါ်လာဈေးကိုထိန်းချုပ်ခဲ့ပြီး တစ်ပတ်အတွင်း ပဲဈေးတွေ ဈေးပြန်ကျဆင်း သွားခဲ့တာဖြစ်ပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်ရှိနေပေမဲ့ ငွေကြေးဈေး အခြေအနေကြောင့် လှောင်ထားပြီးစောင့်ကြည့်နေတဲ့ အခြေအနေရှိနေတယ်လို့လည်း ကုန်သည်အချို့ထံကနေ သိရပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း ရွေးကောက်ပွဲပြီးဆုံးသွားပြီဖြစ်လို့ တက်လာမဲ့အစိုးရက ပဲဈေးမြင့်တက်နေတာတွေနဲ့ပတ်သတ်ပြီး ဘယ်လိုထိန်းချုပ်မလဲဆိုတာ စောင့်ကြည့်ရမဲ့အခြေအနေလည်း ဖြစ်နေပါတယ်။ ဒါပေမဲ့ အိန္ဒိယအစိုးရကထုတ်ပြန်လိုက်တဲ့ ၂၀၂၃-၂၀၂၄ ကောက်ပဲသီးနှံအထွက်နှုန်း တတိယအကြိမ်ခန့်မှန်းချက်ကတော့ ပြီးခဲ့တဲ့ ရာသီနဲ့စာရင် ပဲမျိုးစုံထွက်ရှိမှုနှုန်းက ၆ ရာခိုင်နှုန်းခန့် အထွက်နှုန်းလျော့ခဲ့ပြီး မတ်ပဲက ပြီးခဲ့တဲ့ရာသီက ၂ ဒသမ ၉၁ သန်း ရှိခဲ့ရာမှ အခုခန့်မှန်းချက်အရ ၂ ဒသမ ၆၃ သန်းသာရှိတယ်လို့ အိန္ဒိယသတင်းစာတွေရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အိန္ဒိယလိုအပ်ချက်က ဆက်ရှိနေမှာဖြစ်ပေမဲ့ မတ်ပဲကို မြန်မာအပြင် အခြားဘရာဇီးနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံတို့ကပါ တင်သွင်းဖို့လုပ်နေတာဖြစ်ပါတယ်။

လက်ရှိအခြေအနေအရကတော့ မြန်မာနည်းတူ အိန္ဒိယနိုင်ငံမှာပါ ဈေးနှုန်းတွေကျဆင်းနေတာဖြစ်ပြီးတော့ အိန္ဒိယနိုင်ငံ ချန်နိုင်းဈေးကွက်မှာ မြန်မာမတ်ပဲ FAQ က တစ်တန်ကို ရူပီး ၉၁၅၀ ရှိပြီး ပြီးခဲ့တဲ့အပတ်ယှဉ်ရင် တစ်တန်ကို ၇၅ ရူပီး ဈေးကျဆင်းသွားပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၃,၃၈၉,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ် သောကြာနေ့နဲ့ ယှဉ်ရင် တစ်တန်ကို ၂၀,၀၀၀ ကျော် ဈေးကျဆင်းသွားပါတယ်။ (SQ/RC)ကတော့ တစ်တန်ကို ၃,၆၇၉,၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၂၁,၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ မတ်ပဲ Raw ကတော့ တစ်ပိဿာကို ၅၅၅၀ မှ ၅၅၈၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀ လောက် ဈေးကျဆင်းပါတယ်။ မတ်ပဲ FOB ဈေးနှုန်းကလည်း တစ်တန်ကို ၁၀၂၅ မှ ၁၀၄၅ ဒေါ်လာ ပေါက်ဈေးရှိပြီး ဈေးအပြောင်းအလဲမရှိပါဘူး။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးအနည်းငယ်သာကျဆင်းပါတယ်။ ပြည်တွင်းလက်ကျန်လည်းနည်းနေတာဖြစ်ပြီး လက်ရှိငွေဈေးအခြေအနေနဲ့ အိန္ဒိယလိုအပ်ချက်တွေကြောင့် ဈေးကွက်ထဲ အရောင်းအဝယ်သိပ်မရှိဘူးလို့ သိရပါတယ်။ လှောင်ထားဆဲအခြေအနေဖြစ်တာကြောင့် ပဲဈေးက အများကြီးကျဆင်းနိုင်ခြေမရှိဘူးလို့လည်း ကုန်သည်အချို့က ခန့်မှန်းပါတယ်။

အိန္ဒိယကထုတ်ပြန်တဲ့ အထွက်နှုန်းခန့်မှန်းချက်မှာတော့ ပဲစင်းငုံနီက ၃ ဒသမ ၃၁ သန်းကနေ ၃ ဒသမ ၃၉ သန်းထိထွက်မယ်လို့ ထုတ်ပြန်ထားပါတယ်။ အမှန်တကယ် ထွက်မထွက်ဆိုတာကတော့ စောင့်ကြည့်ရမဲ့ အခြေအနေလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်ကတော့ ရာသီဥတုအခြေအနေမကောင်းတာကြောင့် ပဲစင်းငုံနီရဲ့အထွက်နှုန်းက ၂၀ ရာခိုင်နှုန်းထက်မနည်းလျော့ကျမယ်လို့ ကုန်သည်တွေကခန့်မှန်းခဲ့လို့ လာမဲ့ကာလအတွင်းမှာလည်း အတက်ဈေးနဲ့ပဲရှိနိုင်ဦးမယ်လို့ဆိုထားကြပါတယ်။

အိန္ဒိယနိုင်ငံ ချန်နိုင်းဈေးကွက်မှာတော့ ပဲစင်းငုံနီတစ်တန်ကို ရူပီး ၁၁,၅၀၀ ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ရူပီး ၁၀၀ ဈေးကျဆင်းပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၄,၄၄၅,၀၀၀ ကျပ် ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ် သောကြာနေ့နဲ့ယှဉ်ရင် တစ်တန်ကို ၅၀၀၀ ကျပ်သာ ဈေးကျဆင်းပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ရန်ကုန်ဈေးကွက်မှာတော့ ဈေးမြင့်တက်ပေမဲ့ နယ်ဈေးကွက်တွေမှာတော့ အနည်းငယ်ဈေးပြန်ကျဆင်းသွားတဲ့အခြေအနေပါ။ ဈေးကွက်ထဲ ပဲတွေအဝင်များတဲ့အတွက် အနည်းငယ်ဈေးပြန်ကျဆင်းသွားတာဖြစ်သလိုဈေးကွက်ထဲ ငွေလဲလှယ်နှုန်းဈေးအခြေအနေကြောင့် အဝယ်နည်းပြီး အရောင်းများလို့လည်းသိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ ပဲတီစိမ်း(ခရမ်းရွှေဝါ)က တစ်ပိဿာကို ၄၀၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၀ ကျပ်၊ ပဲတီစိမ်း (ပဲခူးရွှေဝါ)က တစ်ပိဿာကို ၃၈၈၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၁၅ ကျပ်၊ ပဲတီစိမ်းဝါးခယ်မကတော့ တစ်ပိဿာကို ၃၁၃၀ မှ ၄၁၇၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၇၀ ကျပ် အသီးသီးဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း(အညာ)က သုံးတင်းဝင်တစ်အိတ်ကို ၁၆၅,၀၀၀ မှ ၁၉၃,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ မုံရွာတို့မှာလည်း တစ်တင်းကို ၃၀၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

**ကုလားပဲ**

ကုလားပဲဈေးတွေလည်း ဈေးကွက်အတွင်း ကျဆင်းသွားပါတယ်။ အရောင်းအဝယ် အနည်းငယ်ရှိနေပေမဲ့ အကျဈေးနဲ့ရှိနေလို့ ပါးတဲ့အခြေအနေလည်းဖြစ်ပါတယ်။ ငွေကြေးဈေးအခြေအနေ စောင့်ကြည့်တာရယ် ပဲအဝင်များတာရယ်ကြောင့် ဈေးချဝယ်ယူတာတွေရှိတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၄၁၆၅ မှ ၄၃၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၆၅ ကျပ်၊ ကုလားပဲလုံးဖြူကြီးက တစ်ပိဿာကို ၄၃၃၀ မှ ၄၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၇၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၅၄၅၀ မှ ၅၉၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲလုံး v2 က တစ်အိတ်ကို ၂၄၈,၀၀၀ မှ ၂၅၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀,၀၀၀ ကျပ်၊ ကုလားပဲ 929 က တစ်အိတ်ကို ၂၃၈,၀၀၀ မှ ၂၄၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၈၀၀၀ ကျပ်၊ ကုလားပဲထိုင်ဝမ်က တစ်အိတ်ကို ၂၂၈,၀၀၀ မှ ၂၃၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၈၀၀၀ ကျပ် အသီးသီး ဈေးကျဆင်းသွားပါတယ်။

Source: AMIA

https://t.me/htwettoe

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ငါးရှဉ့်ပိဿာချိန် ၇၇,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးက ပြောပြ၍သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၄၆,၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး မေ ၁ ရက်မှ မေ ၃၁ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၇၇,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချအား ကောင်းလာခြင်းသည် ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ တင်ပို့အားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာ ရောင်းအားကောင်းခဲ့ပါတယ်။ ငါးရှဉ့်တွေ ရောင်းအားတက်ခဲ့တာကလဲ ပြည်ပကို ငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာတာနဲ့ ပြည်ပက ငါးရှဉ့်ဝယ်လိုအား ကောင်းလာတာကြောင့်ပါ။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့တာပါ။ ရန်ကုန်ကနေတစ်ဆင့် အခြား ပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်ယူမှုအားကောင်းလာတော့ ငါးရှဉ့် မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးကပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၅,၀၀၀ ထိရရှိခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

Source: **ရတနာပုံသတင်းစာ**

## မန္တလေးကုန်စည်ဒိုင်တွင် ပို့ကုန်ပဲများ လှောင်လက်အဝယ်အေး၍ ဈေးအေးလာ

မေလနောက်ဆုံးပတ်တွင် မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ပို့ကုန်ပဲများ ဝင်ရောက်မှု၏နည်းနေပြီး ယခင်လက လှောင်လက်သမားများအဝယ်သွက်၍ ဈေးမြင့်နေရာမှ ဇွန်လလဆန်းပိုင်းတွင် လှောင်လက်သမားများအဝယ်အေးမှုနှင့် ပြည်ပတင်ပို့မှုအေးသောကြောင့် ဈေးအေးလာကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။ ပဲစင်းငုံ (နီ) ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ် ယခုတစ်ပတ် ကျပ် ၄၂၅,၀၀၀ ၊ ယခင် တစ်ပတ် ကျပ် ၄၂၅,၀၀၀၊ ယခင်လ ကျပ် ၃၈၅,၀၀၀ မှ ၃၈၇,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက် ကျပ် ၃၈,၀၀၀ မှ ၄၀,၀၀၀ မြင့်တက်လာသည်။ ပဲတီစိမ်း (အညာ) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ယခုတစ်ပတ် ကျပ် ၁၇၅,၀၀၀ မှ ၁၉၃,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၈၅,၀၀၀ မှ ၁၉၅,၀၀၀၊ ယခင်လ ကျပ် ၁၇၅,၀၀၀ မှ ၁၈၆,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၁၀,၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၇၀၀၀ မြင့်တက်လာသည်။ မတ်ပဲ ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ် ယခုတစ်ပတ် ကျပ် ၃၁၀,၀၀၀ မှ ၃၁၅,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၃၁၅,၀၀၀ မှ ၃၁၇,၀၀၀၊ ယခင်လ ကျပ် ၂၈၀,၀၀၀ မှ ၂၉၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၅၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက်ကျပ် ၂၅,၀၀၀ မှ ၃၀,၀၀၀ မြင့်တက်လာသည်။ မြေထောက်ပဲ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ် ယခုတစ်ပတ် ကျပ် ၂၈၀,၀၀၀ မှ ၃၃၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၈၀,၀၀၀ မှ ၃၂၀,၀၀၀၊ ယခင်လ ကျပ် ၃၃၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင် တစ်ပတ်ထက် ကျပ် ၁၀,၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၅၀,၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှုးရုံး**

## လယ်ယာထွက်ကုန်ပဲမျိုးစုံ မေလတင်ပို့မှု လျာထားချက်ကျော်လွန်

မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းများသည် နိုင်ငံတော်၏ ပြည်ပဝင်ငွေအများဆုံးရရှိသော အားထားရသည့် ပို့ကုန်အမည်များဖြစ်ကြသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈၉ သန်း၊ ပြည်ပသို့ တင်ပို့ရန်လျာထားခဲ့ပြီး ယခုဘဏ္ဍာရေးနှစ် ပထမသုံးလပတ်တွင် စုစုပေါင်းတန်ချိန် ၄ ဒသမ ၃၈ သိန်း တင်ပို့ရန်လျာထားခဲ့သည်။

ပြည်ပတင်ပို့ရန် လျာထားချက်များအတိုင်း ပြည့်မီစွာတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာရေးနှစ် ဧပြီနှင့်မေလများတွင် ပဲမျိုးစုံတန်ချိန် ၄ ဒသမ ၆၆ သိန်းကျော် တင်ပို့ထားနိုင်ခဲ့သည့်အတွက် လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်ခဲ့ပြီး ဇွန်လတွင်လည်း လျာထားချက်ပြည့်မီအောင်တင်ပို့နိုင်ရေး ပဲမျိုးစုံတင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်) မွန်ပြည်နယ်တို့တွင် မတ်ပဲထွက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း အနည်းငယ်ထွက်ရှိသည်။ ပဲစင်းငုံ(အနီ)အား စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးများတွင် စိုက်ပျိုးပြီး ပဲစင်းငုံ (အဖြူ)မှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်များတွင် အနည်းငယ်ထွက်ရှိသည်။ ပဲတီစိမ်း စိုက်ပျိုးထွက်ရှိရာဒေသများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ဖြစ်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။

ပြည်တွင်းမှထွက်ရှိသောပဲများကို ၂၀ ရာခိုင်နှုန်းသာ ပြည်တွင်း၌စားသုံးပြီး ၈၀ ရာခိုင်နှုန်းအား ပြည်ပသို့တင်ပို့လျက်ရှိပြီး မတ်ပဲနှင့်ပဲတီစိမ်းကို အိန္ဒိယနိုင်ငံ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်နှင့်အီးယူနိုင်ငံများသို့ တင်ပို့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းပဲလိုအပ်ချက်များရှိသောကြောင့် ပဲတင်သွင်းမှုကိုဖြေလျော့ပေးခဲ့ရာ ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲနီလေးများကို အကောက်ခွန်ကင်းလွတ်တင်သွင်းခွင့်အား ယခင်က ၂၀၂၄ ခုနှစ်၊ မတ်လအထိခွင့်ပြုထားခဲ့ပြီး၊ ယခုအခါ ၂၀၂၅ ခုနှစ်၊ မတ်လအထိ သက်တမ်းတိုးမြှင့်ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံမှ ပဲတင်ပို့သူလုပ်ငန်းရှင်များ ဈေးကောင်းရရှိနိုင်ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

https://myantrade.gov.mm/article/Naypyitawstp_100620241020

## မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲဈေးများ ယခင်တစ်ပတ်ထက် ဈေးအေးလာ

မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ကုလားပဲဈေးကွက်မှာ မေလနောက်ဆုံးပတ်တွင် ဈေးများမြင့်တက်ခဲ့ပြီး ဇွန်လ လဆန်းပိုင်းတွင် ဈေးအေးလာကြောင်းသိရသည်။ စက်ပိုင်လျောင်လက် ဝယ်ယူမှုအေးခြင်းနှင့် ပြည်ပတင်ပို့မှုအေး၍ ဈေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

ကုလားပဲဖြူကြီး (V-2) ၅၇ ဒသမ ၂၅ ပိဿာဝင်တစ်အိတ် ယခုတစ်ပတ် ကျပ် ၂၄၈,၀၀၀ မှ ၂၅၀,၀၀၀၊ ယခင်တစ်ပတ် ကျပ်၂၅၅,၀၀၀ မှ ၂၅၈,၀၀၀၊ ယခင်လ ကျပ် ၂၄၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင် တစ်ပတ်ထက် ကျပ် ၇၀၀၀ မှ ၈၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၈၀၀၀ မှ ၁၀၀၀၀ မြင့်တက်လာသည်။

ကုလားပဲဖြူကြီး(V-7) ၅၇ ဒသမ ၂၅ ပိဿာဝင်တစ်အိတ် ယခုတစ်ပတ် ကျပ် ၂၆၀,၀၀၀ မှ ၂၆၅,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂၇၀,၀၀၀၊ ယခင်လကျပ် ၂၄၅,၀၀၀ မှ ၂၄၇,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၁၀,၀၀၀ နိမ့်ကျလာပြီး၊ ယခင်လ ထက်ကျပ် ၁၅,၀၀၀ မှ ၁၈,၀၀၀ မြင့်တက်လာသည်။

ကုလားပဲ(ထိုင်ဝမ်) ၅၆ ဒသမ ၂၅ ပိဿာဝင်တစ်အိတ် ယခုတစ်ပတ် ကျပ် ၂၂၈,၀၀၀ မှ ၂၃၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၃၃,၀၀၀ မှ ၂၃၅,၀၀၀၊ ယခင်လ ကျပ် ၂၂၃,၀၀၀ မှ ၂၂၄,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၆၀၀၀ မြင့်တက်လာသည်။

ကုလားပဲ(929) ၅၆ ဒသမ ၂၅ ပိဿာဝင်တစ်အိတ် ယခုတစ်ပတ် ကျပ် ၂၃၈,၀၀၀ မှ ၂၄၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၄၅,၀၀၀ မှ ၂၄၇,၀၀၀၊ ယခင်လ ကျပ် ၂၃၂,၀၀၀ မှ ၂၃၃,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၇၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၆၀၀၀ မှ ၇၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဆန်တန်ချိန် ၃ သိန်းကို တင်ဒါစနစ်ဖြင့် ဘရာဇီးဝယ်ယူမည်

ဘရာဇီးနိုင်ငံသည် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ပြီးနောက် ပြည်တွင်းဆန်ဈေးနှုန်းများကိုတည်ငြိမ်စေရန်အတွက် ဇွန်လ ၆ ရက် နေ့တွင် ဆန်တန်ချိန် ၃ သိန်းကို တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်။ ဆန်စပါးကဏ္ဍတွင် ရှားပါးလှသည့် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုအဖြစ် ထုပ်ပိုးသည့်အိတ်ခွံပေါ်တွင် ဘရာဇီးငွေကြေးအားဖြင့် ရောင်းဈေး ၁ ကီလိုဂရမ်လျှင် ၄ ရီရယ်ဟု အစိုးရ၏အမှတ်တံဆိပ်ခတ်နှိပ်ထားရှိသည့် အရန်သင့်ရောင်းချနိုင်သော ၅ ကီလိုဂရမ်ဝင် ဆန်အိတ်များကို ဝယ်ယူသွားမည် ဖြစ်ပါသည်။ အစိုးရ၏ စားနပ်ရိက္ခာဖူလုံရေးအေဂျင်စီဖြစ်သော CONAB သည် အဆင့်-၁ ဆန်ကို ဝယ်ယူရန်အတွက် စည်းမျဉ်းများနှင့် အရည်အသွေးသတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ပိုမိုဈေးနှုန်းချိုသာသော ဆန်များကိုတင်သွင်းမည်ဆိုပါက လယ်သမားများက ငွေကြေးဆုံးရှုံးမည်ကိုစိုးရိမ်သဖြင့် လာမည့်သီးနှံရာသီတွင် စပါးကိုလျှော့ချစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။ ထိုသို့ဆန်ဝယ်ယူမှုများကြောင့် ပြည်တွင်းဆန်စက်လုပ်ငန်းရှင်များအပေါ် နစ်နာမှုများဖြစ်ပေါ်စေပြီး ဆန်ဈေးနှုန်းကို အထောက်အပံ့ဖြစ်စေရန် အခွန်ပေးဆောင်နေရသူများအနေဖြင့်လည်း ဆန်ကိုမြင့်မားသောဈေးနှုန်းဖြင့် ဝယ်ယူသွားရနိုင်ခြေရှိကြောင်း ဆန်စက်လုပ်ငန်းရှင်တစ်ဦးက S&P Global သို့ ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံသမ္မတ Luiz Inacio Lula da Silva သည် ပြည်တွင်းတွင် ဆန်အဓိက စိုက်ပျိုးသည့် Rio Grande do Sul ဒေသ၌ ရေလွှမ်းမိုးမှုကြောင့် ဆန်ဈေးနှုန်းများ ရုတ်တရက်မြင့်တက်ခဲ့သဖြင့် ယခုကဲ့သို့ဆန်ဝယ်ယူရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများမှာ သီတင်းပတ်များစွာဖြစ်ပေါ်ခဲ့ကာ ဆန်ပမာဏမည်မျှဆုံးရှုံးခဲ့သည်ကို အဖြေထုတ်မရဘဲရှိနေခဲ့သည်။ လယ်သမားများက စပါးဈေးနှုန်းများကို မြှင့်တင်ရောင်းချခဲ့ပြီးနောက် ဆန်ဈေးနှုန်းများသည် အာရှဈေးကွက်မှ ရောင်းချနေသည့်ဆန်များ၏ ဈေးနှုန်းထက် ပိုမိုမြင့်တက်ခဲ့သည်။ ပုဂ္ဂလိကကဏ္ဍသည် ဆန်ဈေးကွက်တည်ငြိမ်စေရေးနှင့် ပြည်တွင်းဆန်ပြတ်လပ်မှု မဖြစ်ပေါ်စေရေးတို့အတွက် ထိုင်းဆန်ဖြူတန်ချိန် ၁၂၀,၀၀၀ ကို ဝယ်ယူတင်သွင်းခဲ့သည်။

လက်ရှိကာလတွင် ဆန်ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ဘရာဇီးအစိုးရမှ ဝင်ရောက်ဆောင်ရွက်ရန် တွန်းအားဖြစ်စေခဲ့သည်။ ရေလွှမ်းမိုးမှုဖြစ်ပေါ်ချိန်၌ ဘရာဇီးတစ်နိုင်ငံလုံး၏ စပါးသုံးပုံနှစ်ပုံခန့်စိုက်ပျိုးသော Rio Grande do Sul ဒေသတွင် စပါးစိုက်ဧရိယာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ရိတ်သိမ်းရန်ကျန်ရှိခဲ့ရာ အဆိုပါပမာဏမှာ နိုင်ငံနှစ်စဉ်အထွက်ပမာဏ၏ ၇ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိသည်။ S&P Global မှ ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများအရ ဆန်စပါးသီးနှံအတွက် ကြီးမားသော ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

**Source: S&P Global, 30 May 2024 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/20947

## ဗီယက်နမ်နိုင်ငံ၏ ကော်ဖီဈေးနှုန်းများမြင့်တက်လျက်ရှိ

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီအဓိကစိုက်ပျိုးရာဒေသဖြစ်သည့် Central Highlands တွင် ဇွန်လ ၅ ရက်နေ့က ကော်ဖီဈေးနှုန်းများ သိသိသာသာမြင့်တက်လာခဲ့ပြီး ကော်ဖီစေ့ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၂၂,၀၀၀ မှ ၁၂၃,၅၀၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ – ၄ ဒသမ ၈၆) ထိရှိကြောင်း Vn Express International အွန်လိုင်းသတင်း ဖော်ပြချက်အရ သိရသည်။

Dak Nong ပြည်နယ်တွင် အမြင့်ဆုံးဈေးမှာ တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် ၁၂၃,၅၀၀ ဖြစ်လာကြောင်း၊ ဒါလတ်ပြည်နယ်တွင် ကော်ဖီဈေးသည် တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် ၃,၀၀၀ မြင့်တက်ကာ ဗီယက်နမ်ဒေါင် ၁၂၃,၀၀၀ သို့ရောက်ရှိခဲ့ပြီး Gia Lai နှင့် Kon Tum ဒေသများတွင် အဆိုပါဈေးနှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်ပတ်အတွင်း အမေရိကန် ဒေါ်လာတန်ဖိုးကျဆင်းမှုကြောင့် ကော်ဖီအပါအဝင် ကုန်ပစ္စည်းများစွာ၏ ဈေးနှုန်းများမြင့်တက်လာသည်။ လန်ဒန်ရှိ ရိုဘတ်စတာကော်ဖီ၏ဈေးနှုန်းများသည် တစ်တန်လျှင် ၃၈၄၆ ဒေါ်လာမှ ၄၃၁၉ ဒေါ်လာအထိ

သိသိသာသာ မြင့်တက်လာခဲ့သည်။ နယူးယောက်ရှိ အာရေးဘီးကားကော်ဖီ ဈေးနှုန်းများသည်လည်း မြင့်တက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ဘရာဇီးအပြင်၊ ကိုလံဘီယာ၊ ပီရူးနှင့်ဟွန်ဒူးရပ်စ်ကဲ့သို့သောနိုင်ငံများတွင် ကော်ဖီရိတ်သိမ်းရာသီချိန်ဖြစ်သော်လည်း ထုတ်လုပ်မှုသည် ဈေးကွက်ဝယ်လိုအားထက် နည်းပါးနေသေးသဖြင့် ကော်ဖီဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**Source: VN Express International**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/article/Naypyitawstp_100620241010

## STOCK EXCHANGE (10.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,627 (Shares) | 11,024,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | -100 | -1.09% | 9,100 | 9,100 | 9,100 | 89 | 809,900 | 33,109,694 | 301,298 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,200 | 280 | 905,000 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 13 | 109,200 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 152 | 266,000 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 2 | 5,700 | 12,823,224 | 36,546 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 856 | 1,550,600 | 19,977,223 | 36,958 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 1 | 4,800 | 10,497,598 | 50,389 |
| MAEX | 00008 | 3,400 | +350 | +11.48% | 3,100 | 3,400 | 3,100 | 2,234 | 7,373,350 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 10th Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.25 | +3.00 | +0.74% | 406.35 | 409.25 | 405.86 | 3,627 | 11,024,550 | 8 | 771,929 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 10th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 3,627 (Shares) | 11,024,550 (MMK) |

## Main Board

As of 1:00 pm, 10th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,627 (Shares) | 11,024,550 (MMK) |

| MYANPIX | 409.25 ▲ 3.00 |
|---|---|
| Total Volume (shares) | 3,627 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 771,929 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▼ 100 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 350 |

TIR

TIR